NORTON ROSE FULBRIGHT

# ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးစခန်းရှိ လူအားလုံးထံ အကြောင်းကြားစာ

**ဤစာသည် သင်၏ အခွင့်အရေးများအား ထိခိုက်နိုင်သည့် အရေးကြီးသော အကြောင်းကြားစာ တစ်စောင်ဖြစ်သည်။**

**ဤအကြောင်းကြားစာကို အောက်ပါ ဘာသာစကားများဖြင့် ဝက်ဘ်ဆိုက်- www.immigrationdatabreach.com.au တွင်ရရှိနိုင်ပါသည်။**

| | | | | | | |
|---|---|---|---|---|---|---|
| အာရပ် | အဇာဘိုင်ဂျမ် (မြောက်ပိုင်း) | ဘင်္ဂါလီ | မြန်မာ | ကင်တိုနိစ် | ဒါရီ | ဟာဇာရာဂီ |
| ဟင်ဒီ | အင်ဒိုနီးရှား | ကားဒိရှ် (ကာမန်းဂျီး) | ကားဒိရှ် (ဆိုရားနီး) | မန်ဒရင် | ပါးရှ်တိုး | ပါးရှား |
| ပန်ချာပီ | ဆင်ဟားလီး | ဆဲလ်ဟားတီ | တမီးလ် | အူရ်ဒူ | အူဖ်ဘက် | ဗီယက်နမ် |

## 1 ဤအကြောင်းကြားစာမှာ အဘယ်နည်း။

*အချက်အလက် ချိုးဖောက်မှု နောက်ခံ*

1.1 ဤအကြောင်းကြားစာ *(notice)* မှာ အချက်အလက် ချိုးဖောက်မှုနှင့် ဆက်နွှယ်သည်၊ *Department of Immigration and Border Protection* ဖြစ်သော ယခု *Department of Home Affairs* (**ဌာန**) ဟုခေါ်ဆိုသည့် ဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖြစ်ပွားသော ချိုးဖောက်မှုဖြစ်သည်။

1.2 ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဝက်ဘ်ဆိုက်၌ ဇယားတစ်ခုကို ထုတ်ပြန်ခဲ့သည်၊ အဆိုပါ ဇယားတွင် ခန့်မှန်းခြေ လူ ၉ ၀၀၀ ၏ ကိုယ်ရေးအချက်အလက်များ ပါရှိသည်။ ဤလူများမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးစခန်း သို့မဟုတ် အခြားသော ထိန်းသိမ်းရေးနေရာများတွင် ရှိကြပါသည်။ အဆိုပါ ဇယားကို ဝက်ဘ်ဆိုက်တွင် မထုတ်ပြန်သင့်ပါ။ ထုတ်ပြန်ခဲ့ခြင်းမှာ မတော်တဆ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သင့်အမည်နှင့် လိပ်စာ စသောကိုယ်ရေးအချက်အလက်များပါရှိသည့် မတော်တဆ ထုတ်ပြန်ခြင်းကို အချက်အလက် ချိုးဖောက်မှု (*Data Breach*) ဟုခေါ်ပါသည်။

1.3 အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဌာန၏ ဝက်ဘ်ဆိုက်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖယ်ရှားခဲ့ပြီး ဌာန၏ ဝက်ဘ်ဆိုက် သမိုင်းကြောင်းထိန်းသိမ်းရေး စာမှုကွဲမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဖယ်ရှားခဲ့ပါသည်။

*Office of the Australian Information Commissioner သို့ တိုင်တန်းသည့် မကျေနပ်ချက်*

1.4 ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် မကျေနပ်ချက်တစ်စောင်ကို အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူအားလုံး ကိုယ်စား Office of the Australian Information Commissioner (**OAIC**) သို့ တိုင်တန်းခဲ့သည်။ Australian Information Commissioner သည် အဆိုပါ မကျေနပ်ချက်ကို စုံစမ်းခဲ့သည်။



© Norton Rose Fulbright Australia

1.5 ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် OAIC သည် အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူအားလုံးထံသို့ အကြောင်းကြားစာ (**ပထမ အကြောင်းကြားစာ**) (ဤအကြောင်းကြားစာ ကဲ့သို့) တစ်စောင်ကို ထုတ်ပေးခဲ့သည် ။ ပထမ အကြောင်းကြားစာဖြင့် အချက်အလက် ချိုးဖောက်မှု၏ သက်ရောက်မှုအကြောင်း အချက်အလက်များကို တောင်းဆိုခဲ့သည်။

1.6 ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် Australian Information Commissioner က ဆုံးဖြတ်ချက်ချမှတ်သည်မှာ-

(1) အချက်အလက် ချိုးဖောက်မှု၏ အကျိုးဆက်အဖြစ် ဌာနသည် အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူများ၏ အတွင်းရေးကို စွက်ဖက်ခဲ့သည်၊ ထို့ပြင်

(2) အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူများသည် အချက်အလက် ချိုးဖောက်မှု၏ အကျိုးဆက်အဖြစ် သက်ရောက်ခဲ့သော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် လျော်ကြေး ရပိုင်ခွင့်ရှိသည်။

1.7 Australian Information Commissioner ၏ ဆုံးဖြတ်ချက်ကို Administrative Appeals Tribunal (**AAT**) သို့အယူခံမှု တင်သွင်းခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် AAT သည် အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူများအတွက် လျော်ကြေးကို စိစစ်ရမည့် လုပ်ငန်းဖြစ်စဉ် အသစ်တစ်ရပ်ကို သတ်မှတ်ပေးခဲ့သည်။ ဤလုပ်ငန်းဖြစ်စဉ်ကို လျော်ကြေး စိစစ်ရေး အစီအစဉ် *(Compensation Assessment Scheme)* ဟုခေါ်ပါသည်။

*<u>လျော်ကြေး စိစစ်ရေး အစီအစဉ်</u>*

1.8 AAT ၏ ဆုံးဖြတ်ချက်အရ၊ အချက်အလက် ချိုးဖောက်မှုကြောင့် ထိခိုက်သူများသို့ ပေးရမည့် လျော်ကြေးကို လွတ်လွတ်လပ်လပ် စိစစ်ပေးရန်အတွက် ဥပဒေ လုပ်ငန်းဖြစ်သည့် Norton Rose Fulbright Australia (**NRFA**) ကို ခန့်အပ်ခဲ့သည်။

1.9 ဤအကြောင်းကြားစာမှာ လျော်ကြေး စိစစ်ရေး အစီအစဉ်၏ ပထမ အဆင့်ဖြစ်ပါသည်။

## 2 ကျွန်ုပ် ဘာလုပ်ရန် လိုအပ်သနည်း။

2.1 အကယ်၍ အချက်အလက် ချိုးဖောက်မှုကြောင့် သင့်တွင် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု မရှိပါက သင် လျော်ကြေး ရပိုင်ခွင့် ရှိမည်မဟုတ်ပါ။ သင် ဤအကြောင်းကြားစာကို ပြန်ကြားပေးရန် မလိုအပ်ပါ။

2.2 အကယ်၍ သင်သည် အချက်အလက် ချိုးဖောက်မှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု ရှိသည်ဟု ယုံကြည်ပါက သို့မဟုတ် သင် အသေအချာ မသိသည့်အပြင် လျော်ကြေး စိစစ်ရေး အစီအစဉ်အရ လျော်ကြေးတောင်းလိုပါက သင့်အနေဖြင့် ဤဝက်ဘ်ဆိုက်- **<u>www.immigrationdatabreach.com.au</u>** တွင် ရရှိနိုင်သည့် အွန်လိုင်း ဖြေကြားစာပုံစံ (***Response Form***) ကို ဖြည့်စွက်ပေးခြင်းအားဖြင့် **<u>အကြောင်းပြန်ရမည်</u>** ဖြစ်သည်။
ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု နမူနာများကို အောက်ပါ စာပိုဒ် 6 တွင်ကြည့်ပါ။

 © Norton Rose Fulbright Australia

2.3 အကယ်၍ သင် အချက်အလက် ချိုးဖောက်မှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု ရှိသည်ဟု ယုံကြည်သော်လည်း လျော်ကြေး စိစစ်မှု အစီအစဉ်တွင် မပါဝင်လိုပါက ဤအကြောင်းကြားစာကို ပြန်ကြားရာ၌ နှုတ်ထွက်သည် (opt-out) ဟုအကြောင်းပြန်ရမည်။ ဖြေကြားပုံစံ (Response Form) တွင် သင် '*opt-out*' ကိုရွေးရမည်။ ဤသို့ လျော်ကြေး စိစစ်ရေး အစီအစဉ်မှ နှုတ်ထွက်ခြင်း၏ နောက်ဆက်တွဲကိစ္စများအကြောင်း အချက်အလက်ကို ပိုမိုသိရှိရန် အောက်စာပိုဒ် 3 တွင်ကြည့်ပါ။

2.4 အဆိုပါ ပုံစံဖြင့် သင် ပေးလိုက်သည့်အချက်အလက်ကို NRFA သို့ပို့ပေးပါမည်။ အကယ်၍ သင့်တွင် အင်တာနက် မရှိပါက စက္ကူဖြင့် ဖြေကြားစာပုံစံ (Response Form) ကိုလည်း ဖြည့်စွက်နိုင်ပြီး စာတိုက်မှတစ်ဆင့် Compensation Assessment Scheme, Norton Rose Fulbright Australia, Level 6, 60 Martin Place, SYDNEY, NSW 2000 သို့လိပ်မူ၍ ပို့ပေးပါ။ အဆိုပါ စက္ကူဖြင့် ဖြေကြားပုံစံ (Response Form) မိတ္တူတစ်စောင်ကို NRFA အား အီးမေးလ် auscas@nortonrosefulbright.com ဖြင့်ဆက်သွယ်ခြင်းအားဖြင့် သို့မဟုတ် (02) 9330 8006 သို့ဖုန်းဆက်ခြင်းအားဖြင့် တောင်းခံပါ။

2.5 သင်သည် ဤအကြောင်းကြားစာကို **၂၀၂၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ ညနေ ၄ နာရီ (နောက်ဆုံးချိန်)** နောက်ဆုံးထား၍ ပြန်ကြားပေးရမည်။ ပြန်ကြားပေးရန် သင် အချိန်ပိုတောင်းနိုင်သည် သို့သော်လည်း အချိန်ပို ရမည်ကို အာမခံမည် မဟုတ်ပါ။

2.6 အားလုံးသော အချိန်ပိုတောင်းခြင်းများကို အီးမေးလ် auscas@nortonrosefulbright.com သို့ ပို့ရမည် သို့မဟုတ် မှတ်ပုံတင်စာဖြင့် Compensation Assessment Scheme, Norton Rose Fulbright Australia, Level 6, 60 Martin Place, SYDNEY, NSW 2000 သို့ပေးပို့ရမည်။ အချိန်ပိုတောင်းခြင်းကို သင့်အနေဖြင့် NRFA သို့ ဖုန်း 02 9330 8006 ဖြင့်ဆက်သွယ်ခြင်းဖြင့်လည်း တောင်းဆိုနိုင်သည်။

2.7 **အကယ်၍ သင် ဤပထမ အကြောင်းကြားစာကို မပြန်ကြားသည့်အပြင် ဤအကြောင်းကြားစာကို နောက်ဆုံးရက် (အချိန်ပို မတောင်း) အတွင်း မပြန်ကြားပါက အချက်အလက် ချိုးဖောက်မှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိခြင်း တစ်စုံတစ်ရာအတွက် သင် လျော်ကြေးရမည် မဟုတ်ပါ။**

# 3 လျော်ကြေး စိစစ်မှု အစီအစဉ်မှ နှုတ်ထွက်ခြင်း *('opt-out')* ဆိုသည်မှာ ဘာကိုဆိုလိုသနည်း။

3.1 အကယ်၍ သင်သည် လျော်ကြေး စိစစ်ရေး အစီအစဉ်အရ လျော်ကြေး လက်ခံရရှိပါက အချက်အလက် ချိုးဖောက်မှုအတွက် အခြားနည်းလမ်းများဖြင့် လျော်ကြေးတောင်းခံမည့် သင်၏ ဥပဒေပါ အခွင့်အရေးများမှာ (တရားစွဲဆိုခြင်းများ အပါအဝင်) ချုပ်ငြိမ်းသွားပြီးဖြစ်သည်။

3.2 အဘယ်ကြောင့်ဆိုသော် လျော်ကြေး စိစစ်ရေး အစီအစဉ်မှာ သင်၏ တောင်းခံချက်ကို မျှမျှတတ စိစစ်ပေးရန် ရည်ရွယ်ထားသည့်အပြင် သင်နှင့်ဌာနအကြား တည်ရှိနေသည့် အငြင်းပွားမှုကို အဆုံးသတ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။


 © Norton Rose Fulbright Australia

3.3 အကယ်၍ သင်သည် လျော်ကြေး စိစစ်ရေး အစီအစဉ် ပြင်ပ၌ သင်၏ ဥပဒေပါ အခွင့်အရေးများအတွက် တရားစွဲဆိုလိုပါက ဤအကြောင်းကြားစာကို ပြန်ကြားရာ၌ ဖြေကြားစာပုံစံ (Response Form) ပါ "နှုတ်ထွက်" ('opt-out') ကိုရွေးခြင်းအားဖြင့် လျော်ကြေး စိစစ်ရေး အစီအစဉ်မှ နှုတ်ထွက် (opt-out) ရမည်။ သင် နှုတ်ထွက် (opt-out) ရန် မဆုံးဖြတ်မီ အဆိုပါ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဥပဒေ အကြံဉာဏ်တောင်းရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်၊ အခြားနည်းလမ်းများအရ စွဲဆိုမှု၏ ကုန်ကျစရိတ်များနှင့် အခက်အခဲများအပါအဝင်နှင့်တကွ အချက်အလက် ချိုးဖောက်မှုမှာ အချိန် အလွန်ကြာပြီဖြစ်သောကြောင့် လျော်ကြေး စိစစ်ရေး အစီအစဉ် ပြင်ပ၌ လျော်ကြေးစွဲဆိုမှုမှာ စွဲဆိုနိုင် မနိုင် အပါအဝင် ဥပဒေအကြံဉာဏ်တောင်းပါ။

## 4 ပထမ အကြောင်းကြားစာကို ပြန်ကြားရာ၌ ကျွန်ုပ် အချက်အလက် တင်ပြပေးပြီးဖြစ်လျှင် ဘာဖြစ်မည်နည်း။

4.1 အကယ်၍ သင်သည် ပထမ အကြောင်းကြားစာကို ပြန်ကြားရာ၌ အချက်အလက်တင်ပြပြီးဖြစ်ပါက သင် ရထိုက်ခွင့်ရှိသည့် လျော်ကြေးကို NRFA က စိစစ်သည့်အခါ အဆိုပါ အချက်အလက်များကို ထည့်သွင်းစဉ်းစားပေးပါလိမ့်မည်။ သင့်အနေဖြင့် အချက်အလက် တစ်ထေရာတည်းကို ပြန်တင်ပြရန် မလိုအပ်ပါ။

4.2 အကယ်၍ သင်သည် ဤအကြောင်းကြားစာကို ပြန်ကြားရာ၌ ပြင်ဆင်ထားသည့် အချက်အလက် သို့မဟုတ် ထပ်ဆင့် အချက်အလက်ကို တင်ပြလိုပါက နောက်ဆုံးရက် မတိုင်မီ တင်ပြပေးရန် အရေးကြီးပါသည်။

## 5 ပထမ အကြောင်းကြားစာကို ကျွန်ုပ် မပြန်ကြားခဲ့ပါက ဘာဖြစ်မည်နည်း။

5.1 သင် NRFA သို့ အရေးကြီးသော အချက်အလက် တင်ပြရန် နောက်ထပ် အခွင့်အလမ်း ယခု ရရှိပါသည်။

5.2 သို့သော်လည်း သင့်အနေဖြင့် ပထမ အကြောင်းကြားစာကို မည်သည့်အတွက်ကြောင့် မပြန်ကြားခဲ့သည်ကို ရှင်းပြရန်လိုပါသည်။ NRFA သည် ယင်းနောက် သင် လျော်ကြေး စိစစ်မှု အစီအစဉ်၌ ပါဝင်ခွင့် ရှိ/မရှိ စိစစ်ပါမည်။

5.3 သင် ပထမ အကြောင်းကြားစာကို မပြန်ကြားခဲ့သည့် အကြောင်းရင်းနှင့် သက်ဆိုင်နိုင်မည့် ဖြစ်နိုင်ခြေရှိသော အချက်အလက်များမှာ -

(1) ပထမ အကြောင်းကြားစာကို သင် လက်ခံမရရှိခဲ့သည့် အထောက်အထား

(2) သင်၏ ပြန်ကြားစာကို OAIC က အသေအချာ မရရှိခဲ့သည်ဆိုသည့် အထောက်အထား

(3) သင့်အနေဖြင့် လျော်ကြေး ရထိုက်မည် မဟုတ်ဟု မှားယွင်းစွာ ထင်မြင်ယူဆခဲ့သည်ကို ရှင်းပြသည့်စာ


© Norton Rose Fulbright Australia

(4) ပထမ အကြောင်းကြားစာကို မည်သို့ပြန်ကြားရမှန်း သင် နားမလည်ခဲ့သည် သို့မဟုတ် မသိရှိခဲ့သည်ကို ရှင်းပြသည့်စာ ၊ သို့မဟုတ်

(5) ပထမ အကြောင်းကြားစာကို ပြန်ကြားပေးရန်အတွက် သင့်အား ဟန့်တားခဲ့သည့် (နာမကျန်းခြင်း၊ ငွေကြေးအခက်အခဲများ သို့မဟုတ် မိသားစုအပေါ် စောင့်ရှောက်သူ၏ တာဝန်များ အပါအဝင်) အခြားသော အခြေအနေအကြောင်းခံများရှိသည်ကို ရှင်းပြသည့်စာ။

## 6 မည်သို့သော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုကြောင့် ကျွန်ုပ် လျော်ကြေး လက်ခံရရှိနိုင်မည်နည်း။

6.1 လျော်ကြေး စိစစ်ရေး အစီအစဉ်သည် အောက်ပါအခြေအနေများကြောင့် သင့်အား လျော်ပေးနိုင်သည်-

(1) စီးပွားရေး ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု ***(Economic Loss)*** ၊ နှင့်

(2) စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု ***(Non-Economic Loss)***။

6.2 လျော်ကြေး စိစစ်ရေး အစီအစဉ်သည် အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သော စီးပွားရေး ဆုံးရှုံးမှု နှင့် စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှုတို့အတွက်သာ လျော်ပေးနိုင်ပါသည်။ လျော်ကြေး စိစစ်ရေး အစီအစဉ်သည် အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သည် မဟုတ်သော အခြား ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် လျော်ပေးနိုင်မည် မဟုတ်ပါ။

<u>စီးပွားရေး ဆုံးရှုံးမှု</u>

6.3 စီးပွားရေး ဆုံးရှုံးမှုဆိုသည်မှာ အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သော သင် ကျခံရသည့် သို့မဟုတ် ကုန်ကျသည့် ငွေကြေး ဆုံးရှုံးမှုကို ဆိုလိုသည်၊ ဥပမာ သင် ကုန်ကျခံလိုက်ရသည့် ငွေကြေး (အိတ်စိုက် ကုန်ကျငွေများ) သို့မဟုတ် သင် ရခဲ့သည့် ဝင်ငွေ (ဝင်ငွေ ဆုံးရှုံးမှု) တို့ဖြစ်ပါသည်။ ၎င်းတွင် ပါဝင်နိုင်သည်မှာ -

(1) အချက်အလက် ချိုးဖောက်မှုကြောင့် သင် အိတ်စိုက်ကုန်ကျခံလိုက်ရသည့် ဆေးဖိုးဝါးခများ။ ၎င်းတွင် အောက်ပါတို့နှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များပါဝင်သည် -

(a) ဆရာဝန် ပြသခများ

(b) ဆေးဖိုးနှင့် ဆေးကုသခ

(c) ဆေးအစီရင်ခံစာများ။

(2) အချက်အလက် ချိုးဖောက်မှုကြောင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေ ဆုံးရှုံးမှု တစ်စုံတစ်ရာ ၊ ထို့ပြင်

(3) အချက်အလက် ချိုးဖောက်မှုကြောင့် အောက်ပါအခြေအနေများပါဝင်သည့် သင် အိတ်စိုက်ကုန်ကျခံလိုက်ရသည့် ကုန်ကျစရိတ်များ -


© Norton Rose Fulbright Australia

(a) OAIC သို့ ယခင်က မကျေနပ်ချက် တိုင်တန်းခြင်းနှင့် စပ်လျဉ်း၍ ကုန်ကျသည့် ကုန်ကျစရိတ်များ သို့မဟုတ် အချက်အလက် ချိုးဖောက်မှုကြောင့် ပထမ အကြောင်းကြားစာကို ပြန်ကြားရခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသည့် ကုန်ကျစရိတ်များ ၊ ထို့ပြင်

(b) အချက်အလက် ချိုးဖောက်မှုကြောင့် သင်၏ မည်သူဖြစ်ကြောင်း ပင်ကိုယ်လက္ခဏာ တည်ရှိမှုကို ကာကွယ်ပေးရသည့် ကုန်ကျစရိတ်များ

<u>စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှု</u>

6.4 စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှုဆိုသည်မှာ ငွေကြေးနှင့် မသက်ဆိုင်သော ဆုံးရှုံးမှုကို ဆိုလိုသည် (ဥပမာ- စီးပွားရေး ဆုံးရှုံးမှု တစ်စုံတစ်ရာ မပါဝင်)။ စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှုတွင် ပါဝင်နိုင်သည်မှာ -

(1) စိတ်လှုပ်ရှားခြင်း၊ စိတ်သောကရောက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဆိုးခြင်း၊ နာကျင်ခြင်းနှင့်ဝေဒနာခံစားရခြင်း၊ အရှက်ရခြင်း သို့မဟုတ် ကသိကအောက်ဖြစ်ခြင်းတို့ကို ခံစားမှုများ

(2) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သည့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း လက္ခဏာများ၊ ဥပမာ အိပ်ရေးပျက်ခြင်း သို့မဟုတ် ခေါင်းကိုက်ခြင်းများ ၊ နှင့်

(3) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သည့် ဆရာဝန်က ရောဂါဖော်ထုတ်လိုက်သော စိတ်ဝေဒနာ သို့မဟုတ် စိတ်ကျရောဂါ အပါအဝင် ရောဂါများ သို့မဟုတ် ပိုမိုဆိုးဝါးလာသည့် ရောဂါများ။

# 7 NRFA သို့ မည်သည့် အချက်အလက် အမျိုးအစားကို တင်ပြသင့်သနည်း။

7.1 ဖြေကြားစာပုံစံ (Response Form) ဖြင့် သီးသီးခြားခြား အချက်အလက်များကို သင် တင်ပြရပါမည်။ လျော်ကြေး တောင်းခံရန် အထောက်အကူပြုမည့် ထပ်ဆင့်အပို အထောက်အထားကိုလည်း သင် တင်ပြနိုင်ပါသည်။

7.2 NRFA သည် စီးပွားရေး ဆုံးရှုံးမှု နှင့် စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှုအတွက် သင် လျော်ကြေး ရထိုက်သည်ကို စိစစ်သည့်အခါ အထောက်အထား အမျိုးမျိုးကို ထည့်သွင်းစဉ်းစားပါမည်။

7.3 သင် တင်သွင်းနိုင်သည့် အထောက်အထား အမျိုးအစားများ၏ နမူနာများမှာ အောက်ပါအတိုင်းဖြစ်သည် -

<u>စီးပွားရေး ဆုံးရှုံးမှုကို ထောက်ခံသည့် အထောက်အထား</u>

(1) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သည့် သင် ကုန်ကျခံရသော အိတ်စိုက်ကုန်ကျငွေ လက်ခံဖြတ်ပိုင်းများနှင့် အခြားသော မှတ်တမ်းများ။ ဥပမာ၊ ၎င်းတွင် အောက်ပါတို့အတွက် လက်ခံဖြတ်ပိုင်းများ ပါဝင်သည် -

(a) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သော ဆရာဝန် ရက်ချိန်းများ

(b) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သော ဆရာဝန်က ရေးသားရသည့် ဆေးအစီရင်ခံစာများ


© Norton Rose Fulbright Australia

(c) အချက်အလက် ချိုးဖောက်မှုနှင့်စပ်လျဉ်း၍ OAIC သို့ ယခင် မကျေနပ်ချက် တိုင်ကြားရာ၌ သင် ကုန်ကျခဲ့သည့် အခကြေးများ (ဥပမာ ရှေ့နေခ) သို့မဟုတ် အချက်အလက် ချိုးဖောက်မှုကြောင့် ပထမ အကြောင်းကြားစာကို ပြန်ကြားရာ၌ သင် ကုန်ကျခဲ့သည့် အခကြေးများ ၊ နှင့်

(d) အချက်အလက် ချိုးဖောက်မှုကြောင့် သင်၏ မည်သူဖြစ်ကြောင်း ပင်ကိုယ်လက္ခဏာများကို ကာကွယ်ပေးရန် ကုန်ကျသည့် အခြား ကုန်ကျစရိတ်များ။

(2) အချက်အလက် ချိုးဖောက်မှုကြောင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေဆုံးရှုံးမှုကို အထောက်အထားပြုသည့် လစာပေးငွေဖြတ်ပိုင်းများ၊ အလုပ်ရှင်ထံမှ စာများ၊ ဆေးလက်မှတ်များနှင့် အခြားသော စာရွက်စာတမ်းများ၊ နှင့်

(3) အချက်အလက် ချိုးဖောက်မှုကြောင့် သင် နစ်နာခဲ့သည့် စီးပွားရေး ဆုံးရှုံးမှုကို ဖော်ပြထားသည့် သင် ၊ သင့်မိသားစုဝင်များ သို့မဟုတ် သင်နှင့် ရင်းနှီးသည့်အခြားလူများက ပြုလုပ်သည့် လက်မှတ်ထိုးထားသော ဥပဒေအရ မြွက်ဟကြေညာချက်များ

<u>စီးပွားရေးနှင့်မဆိုင်သော ဆုံးရှုံးမှုကို ထောက်ခံသည့် အထောက်အထား</u>

(1) အချက်အလက် ချိုးဖောက်မှုက သင်၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကောင်းမွန်ဖူလုံရေးကို မည်သို့ ထိခိုက်နိုင်ခဲ့သည်အပါအဝင်ဖြစ်သော သင့်အပေါ် ထိခိုက်မှုကို ဖော်ပြထားသည့် သင် ၊ သင့်မိသားစုဝင်များ သို့မဟုတ် သင်နှင့် ရင်းနှီးသည့်အခြားလူများက ပြုလုပ်သည့် လက်မှတ်ထိုးထားသော ဥပဒေအရ မြွက်ဟကြေညာချက်များ ၊ နှင့်

(2) အောက်ပါတို့ကို ဖော်ပြထားသည့် ဆရာဝန်ထံမှ အစီရင်ခံစာများ၊ မှတ်တမ်းများနှင့် ထောက်ခံစာလက်မှတ်များ -

(a) အချက်အလက် ချိုးဖောက်မှုကြောင့် သင့်အပေါ် ဖြစ်ပွားသည့် ရောဂါဝေဒနာ တစ်ခုခု သို့မဟုတ် အချက်အလက် ချိုးဖောက်မှုကြောင့် ပိုမိုဆိုးဝါးလာသည့် ရောဂါဝေဒနာ တစ်ခုခု

(b) အချက်အလက် ချိုးဖောက်မှုကြောင့် ဆရာဝန်နှင့် ပြသဆွေးနွေးမှု အကြိမ် အရေအတွက်များ နှင့်/သို့မဟုတ်

(c) အချက်အလက် ချိုးဖောက်မှုကြောင့် ပေါ်ပေါက်သည့် ဆေးဝါးကုသမှု တစ်စုံတစ်ရာ။

## 8 ဤအကြောင်းကြားစာကို တယ်လီဖုန်းမှတစ်ဆင့် ကျွန်ုပ် ပြန်ကြားနိုင်ပါသလား။

8.1 အကယ်၍ သင် (**www.immigrationdatabreach.com.au** တွင်ရရှိနိုင်သည့်) အွန်လိုင်းပုံစံမှတစ်ဆင့် ပြန်ကြားပေးပါက သင့်ပြန်ကြားမှုကို ပို၍ထိရောက်စွာ စီမံပေးနိုင်လိမ့်မည်ဖြစ်သော်လည်း ဤအကြောင်းကြားစာကို သင် ဖုန်းမှတစ်ဆင့် ပြန်ကြားနိုင်ပါသည်။

8.2 NRFA ကို ဖုန်း (02) 9330 8006 ဖြင့်ဆက်သွယ်ပါ။


© Norton Rose Fulbright Australia

NORTON ROSE FULBRIGHT

## 9 သင့်တော်သော စကားပြန်များ

9.1 ဤအကြောင်းကြားစာကို ဘာသာစကားမျိုးစုံဖြင့် ရရှိနိုင်ပါသည်။ ဤစာမှတ်စာတမ်း၏ အစဦးပိုင်းတွင် ရှိသည့် လင့်ခ်ကို ရည်ညွှန်းပါ။

9.2 ဤအကြောင်းကြားစာကို သင့်အနေဖြင့် သင့်ဘာသာစကားဖြင့် ပြန်ကြားပေးနိုင်ပါသည်။ NRFA ကို အီးမေးလ် auscas@nortonrosefulbright.com ဖြင့်ဖြစ်စေ သို့မဟုတ် ဖုန်း (02) 9330 8006 ဖြင့်ဖြစ်စေ သင့်တော်သော စကားပြန်ကို တောင်းဆိုရန်အတွက် ဆက်သွယ်ပါ။

## 10 ဤအကြောင်းကြားစာကို ပြန်ကြားပေးရန်အတွက် ကျွန်ုပ် ငွေကြေးအကူအညီ ရထိုက်ခွင့်ရှိပါသလား။

10.1 ရှိပါသည်။ ဤအကြောင်းကြားစာကို ပြန်ကြားပေးရန် စီစဉ်သည့်အခါ သင့်အား ကူညီပေးသည့် ရှေ့နေရှေ့ရပ် ကုန်ကျစရိတ်ကိုကာမိစေရန် ဒေါ်လာ $500 အထိ သင်ရနိုင်ပါသည်။ ဤငွေကြေး အကူအညီကို ဖြေကြားစာပုံစံ (Response Form) ဖြင့် သင် တောင်းခံနိုင်သည်။

10.2 လျော်ကြေး စိစစ်ရေး အစီအစဉ်တွင် ပါဝင်နေစဉ်အတွင်း အစီအစဉ် စီမံကြီးကြပ်သူက သင့်အတွက် ဆောင်ရွက်ပေးသော (ဤအကြောင်းကြားစာနှင့် ဖြေကြားစာပုံစံ (Response Form) ဘာသာပြန် မိတ္တူများအပါအဝင်) ဘာသာပြန် သို့မဟုတ် စကားပြန် အဖိုးအခကိုလည်း သင် ပေးချေရန် မလိုအပ်ပါ။

## 11 မေးခွန်းများနှင့် အကူအညီ

11.1 ဤအကြောင်းကြားစာကို ပြန်ကြားပေးရန် အကယ်၍ သင် အကူအညီလိုအပ်ပါက NRFA ကို ဖုန်း (02) 9330 8006 ဖြင့်ဖြစ်စေ သို့မဟုတ် ဝက်ဘ်ဆိုက်- auscas@nortonrosefulbright.com ဖြင့်ဖြစ်စေ ဆက်သွယ်ပါ။

## 12 သင့် ကိုယ်ရေး လုံခြုံမှု

12.1 သင့်ကိုယ်ရေးလုံခြုံမှုသည် NRFA အတွက် အရေးကြီးပါသည်။ NRFA သည် သင့်ကိုယ်ရေး အချက်အလက်များကို *ဩစတြေးလျန်း ကိုယ်ရေးသီးခြားရှိမှု စည်းမျဉ်းများ (Australian Privacy Principles*) နှင့်အညီအပါအဝင် *Privacy Act 1988* (Cth) နှင့်အညီ ကိုင်တွယ်ပါမည်။

12.2 Administrative Appeals Tribunal ၏ အမိန့်များအရ လျော်ကြေး စိစစ်ရေး အစီအစဉ်နှင့်အညီ လျော်ကြေး ချအပ်ပေးရန်အတွက် လွတ်လွတ်လပ်လပ် စိစစ်ပေးရန် Department of Finance က NRFA ကို ခန့်အပ်ခဲ့သည်။ NRFA သည် အဆိုပါကိစ္စအတွက် သင်၏ အချက်အလက်များကို ကောက်ယူပါမည်၊ အသုံးပြုပါမည်၊ ထုတ်ဖော်ပါမည်။ သင့်ထံမှ အချက်အလက် ကောက်ခံသည့်အပြင် NRFA သည် သင့် ကိုယ်ရေးအချက်အလက်ကို OAIC နှင့် ဌာနတို့မှလည်း ကောက်ခံနိုင်သည်။


© Norton Rose Fulbright Australia

12.3 အကယ်၍ NRFA အနေဖြင့် ကိုယ်ရေး အချက်အလက်ကို ကောက်ခံ၍ မရနိုင်ပါက NRFA သည် လျှော်ကြေးပေးရန် သင်၏ တောင်းခံချက်ကို စိစစ်ပေးနိုင်မည် မဟုတ်ပါ။

12.4 NRFA က သင့်တောင်းခံချက်ကို စိစစ်သည့်အခါ NRFA အနေဖြင့် သင့် ကိုယ်ရေးအချက်အလက်များကို Department of Home Affairs နှင့် Department of Finance သို့ ဝေမျှပေးရန် လိုအပ်ပါမည်။ ဤသို့ဖြင့် ဌာနများသည် သင်၏ တောင်းခံချက်နှင့် ကျွန်ုပ်တို့၏ စိစစ်မှုကို နားလည်ရန်နှင့် တုံ့ပြန်ရန် အထောက်အကူပြုသည်။ NRFA သည် သင့် ကိုယ်ရေး အချက်အလက်များကို သီးခြားလွတ်လပ်သော အကြံပေးသူများထံသို့လည်း ဝေမျှပေးကမ်းရန် လိုအပ်နိုင်သည်၊ ဥပမာ ဆရာဝန်နှင့် ရှေ့နေရှေ့ရပ်များဖြစ်သည်။

12.5 သင့်ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားရန် ကျွန်ုပ်တို့အသုံးချသည့် နည်းပညာကိုစီမံရန် ဆောင်ရွက်ပေးနေကြသော ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကန်ထရိုက်ဖြင့်လုပ်သူများထံသို့လည်း သင့်ကိုယ်ရေးအချက်အလက်များကို ဝေမျှပေးကမ်းနိုင်သည်။ အချို့သော ဤဝန်ထမ်းများနှင့် ကန်ထရိုက်ဖြင့်လုပ်သူများမှာ သြစတြေးလျနိုင်ငံ ပြင်ပတွင် နေထိုင်ကြသည်၊ ဥပမာ- UK နိုင်ငံ။

12.6 NRFA ၏ ကိုယ်ရေး လုံခြုံမှု မူဝါဒတွင် ကျွန်ုပ်တို့ ထိန်းသိမ်းထားသော သင်နှင့်ပတ်သက်သည့် ကိုယ်ရေးအချက်အလက်များကို သင့်အနေဖြင့် ရယူကြည့်ရှုနိုင်သည့်အပြင် အဆိုပါ အချက်အလက်ကို ပြင်ဆင်ပေးရန် တောင်းဆိုနိုင်ပုံကို ထည့်သွင်းထားပါသည်။ ကိုယ်ရေး လုံခြုံမှု မူဝါဒတွင် သြစတြေးလျန်း ကိုယ်ရေးသီးခြားရှိမှုဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခြင်းနှင့်ပတ်သက်၍ သင့်အနေဖြင့် တိုင်ကြားနိုင်ပုံအကြောင်းလည်း ပါရှိပြီး အဆိုပါ တိုင်ကြားချက်ကို NRFA က ကိုင်တွယ်ဖြေရှင်းပုံလည်း ပါဝင်ပါသည်။ NRFA ၏ ကိုယ်ရေး သီးခြားရှိမှုဆိုင်ရာ မူဝါဒကို သင် ၎င်း၏ website ဖြစ်သည့် ဤနေရာ- https://www.nortonrosefulbright.com/en-au/global-statements/privacy-notice တွင်တွေ့ရှိနိုင်ပါသည်။

12.7 Department of Home Affairs နှင့် Department of Finance တို့၏ ကိုယ်ရေး လုံခြုံမှုဆိုင်ရာ မူဝါဒများတွင် အလားတူ အချက်အလက်များ ပါဝင်ပါသည်-

- Department of Home Affairs: https://www.homeaffairs.gov.au/access-and-accountability/our-commitments/privacy
- Department of Finance: https://www.finance.gov.au/about-us/privacy-policy-summary

12.8 အကယ်၍ ကျွန်ုပ်တို့ ကောက်ခံသည့် ကိုယ်ရေးအချက်အလက်အကြောင်းနှင့် သင့်ကိုယ်ရေးအချက်အလက်ကို ကျွန်ုပ်တို့ မည်သို့ကိုင်တွယ်မည်ဆိုသည့်အကြောင်း သင် တင်သွင်းခဲ့သည့် ကိုယ်ရေးအချက်အလက်တစ်ခုခုကို ပြင်ဆင်ခြင်းအပါအဝင် သင် မေးမြန်းလိုပါက Norton Rose Fulbright Australia ကို auscas@nortonrosefulbright.com ဖြင့်ဖြစ်စေ သို့မဟုတ် ဖုန်း (02) 9330 8006 ဖြင့်ဖြစ်စေ ဆက်သွယ်ပါ။


© Norton Rose Fulbright Australia